# 6 切迫流産・切迫早産 (သားပျက်သားလျှော.စောမွေးခြင်းအန္တရာယ်)



## 切迫流産

流産になりそうですが、流産にはなっていはいない状態のことをいいます。妊娠22週未満に、出血があったり、お腹が痛くなったり、などの症状がありますが、妊娠は継続できるかもしれないと判断されている状態です。

## 切迫流産の治療

妊娠12週までは流産に有効な薬はないといわれているので、治療は安静が原則です。

## 切迫早産

早産になりそうですが、早産にはなっていはいない状態のことをいいます。妊娠22週以降に、お腹が何度もはったり、お腹がはるときに痛みがあったり、膣から出血したりなどの症状がある状態ですが、それらの症状がなくても子宮の出口が開いたり、頸管長という子宮の出口の長さが短くなって、切迫早産と診断される場合もあります。なかには、破水して早産になってしまうこともあります。つまり、**「赤ちゃんが生まれるにはまだ早い時期に生まれてきそうな状態」**のことをいいます。

## 切迫早産の治療

治療は、安静入院が原則で、お腹のはりを止めるための薬を点滴します。外来では、飲み薬を使用することもあります。また、膣の感染が原因と判断されたときは、抗菌薬を使用することもあります。お腹がはっていないのに子宮の出口が開いていってしまう場合は、手術で子宮の出口をしばることもあります。

## သားပျက်သားလျှောအန္တရာယ်

ကိုယ်ဝန်ပျက်ကျနိုင်ချေရှိနေသောအခြေအနေကိုပြောခြင်းဖြစ်ပါသည်။ကိုယ်ဝန် ၂၂ ပတ်မတိုင်မီသွေးစီးထွက်ခြင်း၊ဗိုက်နာခြင်းစသောလက္ခဏာများရှိသော်လည်းကိုယ်ဝန်ဆက်လက်တည်မြဲနိုင်သောအခြေနေဟုယူဆနိုင်ပါသည်။

## သားပျက်သားလျှောအန္တရာယ်အတွက်ဆေးကုသမှု

ကိုယ်ဝန်နှစ်ပတ်အထိဤအန္တရာယ်တွင်ပြည့်စုံသောကုသမှုမရှိသေးသောကြောင့် အနားယူ၍ တည်ငြိမ်စွာနေခြင်းဟာအကောင်းဆုံးဖြစ်ပါသည်။

## စောမွေးခြင်းအန္တရာယ်

ကလေးစောမွေးနိုင်ချေရှိသောအခြေနေဖြစ်သည်။ကိုယ်ဝန်၂၂ပတ်ကျော်၌ဝမ်းဗိုက်ကအကြိမ်ပေါင်းများစွာတင်းကျပ်၍နာကျင်ခြင်းနှင့်မိန်းမအင်္ဂါမှသွေးထွက်ခြင်းတို့အပြင်မွေးလမ်းကြောင်းပွင့်လာခြင်း၊သားအိမ်လမ်းကြောင်းကျဉ်းလာပြီးကလေးစောမွေးနိုင်ချေရှိသည့်အခြေအနေတို့ဖြစ်ပါသည်။အတွင်းတွင်ရေမွှာပေါက်နေတတ်သည်များလည်းရှိသည်။ တစ်နည်းအားဖြင့် **(ကလေးကမွေးချိန်မတိုင်ဘဲအချိန်စောစွာမွေးလာသည့်အခြေအနေ)**ကိုပြောခြင်းဖြစ်သည်။

## ကလေးစောမွေးခြင်း၏ဆေးကုသမှု

ဆေးရုံ၌တည်ငြိမ်စွာအနားယူကုသခံခြင်းသည်ယေဘုယျဖြစ်ပြီးဝမ်းဗိုက်နာခြင်းပျောက်ကင်းစေသောဆေးထိုးပါသည်။အခြားအနေနှင့်သောက်ဆေးပေးခြင်းများလည်းရှိသည်။သားအိမ်လမ်းကြောင်းတွင်ကူးစက်ပိုးစစ်ဆေးတွေ့ရှိပါကပိုးသတ်ပျောက်ဆေးအသုံးပြုမှုလည်းရှိသည်။ဝမ်းဗိုက်ကတင်းကျပ်မှုမရှိဘဲမွေးလမ်းကြောင်းပွင့်သွားလျှင်ခွဲစိတ်၍မွေးလမ်းကြောင်းပိတ်ခြင်းမျိုးလည်းရှိသည်။



お腹のはりを止めるお薬を使用すると動悸がしたり、体が熱くなったり、手がふるえたり、などの副作用が出ることが多いのですが、だんだん症状 はかるくなっていきます。

とくに妊娠34 週未満の場合、もし赤ちゃんが生まれたら、まだ自分では十分に呼吸ができないので、入院してお腹のはりを止める 薬 を点滴しますが、早く生まれた小さい赤ちゃん が 入院 で き る 施設 ( 新生児集 中治療室:Neonatal Intensive Care Unit: NICU)がある病院にうつらなければならないこともあります。





ဝမ်းဗိုက်နာပျောက်ဆေးအသုံးပြုမှုကြောင့်မောပန်းခြင်း ကိုယ်အပူချိန်တက်လာခြင်း၊လက်တုန်ခြင်းစသောဘေး ထွက်ဆိုးကျိုးများရှိသော်လည်းလက္ခဏာများသည်တဖြည်းဖြည်းလျော့ကျသွားမည်ဖြစ်သည်။

အကယ်၍ကိုယ်ဝန် ၃၄ ပတ်မပြည့်မီ မီးဖွားလာပါကကလေး သည်ချက်ချင်းကိုယ်တိုင်အသက်မရှူနိုင်သေးပါ။သင့်အားဆေး ရုံမှဝမ်းဗိုက်နာပျောက်ဆေးထိုးပေးပါသည်။သို့သော်စောမွေး လာသောကလေးလေးကတက်ရောက်နိုင်သောနေရာ(မွေးကင်းစကလေးပြုစုစောင့်ရှောက်ရေးအဖွဲ့: NICU)ရှိသောဆေးရုံသို့ပြောင်းရွှေ့ရသည်များလည်းရှိသည်။

